မွန်လက်နက်ကိုင်အဖွဲ့ (ဆံရှည်အဖွဲ့) ယင်းရဲရွာဥက္ကဋ္ဌကို ပစ်သတ်ခဲ့

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဇူလိုင်လ ၁၇ ရက်၊ ၂၀၀၃ ခုနှစ်။

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်တောင်ပိုင်းအကြားတွင် လှုပ်ရှားနေသည့် စစ်အစိုးရနှင့် ပစ်ခတ်နေသော မွန်လက်နက်ကိုင်အဖွဲ့ (ဆံရှည်ဆိုသူဦးဆောင်အဖွဲ့) သည် ပြီးခဲ့သည့် ဇူလိုင်လ (၁၅) ရက်နေ့ညတွင် ရေးမြို့နယ်တောင်ပိုင်း ယင်းရဲကျေးရွာဥက္ကဋ္ဌကို ပစ်သတ်ခဲ့ကြောင်း ဥက္ကဋ္ဌ၏ ဆွေမျိုးအသိုင်းအဝိုင်းများက ဆိုပါသည်။

Mon National Warrior Army (MNWA) ၏ လက်အောက်တွင် လှုပ်ရှားနေသော ဆံရှည်အဖွဲ့သည် ပြီးခဲ့သည့်နှစ်ကတည်းက ယင်းရဲရွာဥက္ကဋ္ဌဖြစ်သည့် ဦးကရက် (ခေါ်) ဦးတေး အသက် (၄၃) နှစ်ကို လိုက်ဖမ်းနေခဲ့ပြီး ယခုကဲ့သို့သတ်ပစ်လိုက်ကြောင်း ဦးတေး ညီအစ်ကိုများက ဆိုပါသည်။

ဆံရှည်အဖွဲ့တို့က ဦးတေးကို လိုက်ဖမ်းနေသောကြောင့် မိမိ၏ဇာတိဖြစ်သော ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် မင်းရွာကျေးရွာတွင် တစ်အောင့်လောက် တိမ်းရှောင်ခဲ့ရပြီး၊ ယင်းရဲရွာကိုပြန်လာကာ ယခုကဲ့သို့ ပစ်သတ်ခံခဲ့ရခြင်း ဖြစ်ပါသည်။

ဆံရှည်အဖွဲ့တို့က သူ့ကိုအဘယ်ကြောင့် သတ်လိုက်ရသည်ကို မသိရသေးကြောင်း၊ မွန်အချင်းချင်း ယခုကဲ့သို့ သတ်ဖြတ်ခြင်းကို မိမိတို့အနေဖြင့် ဝမ်းနည်းကြောင်း၊ စိတ်မကောင်းဖြစ်မိကြောင်း အသတ်ခံရသူ၏ ဆွေမျိုးအသိုင်းအဝိုင်းများက လွတ်လပ်သော မွန်သတင်းအေဂျင်စီကို ပြောပြခဲ့ပါသည်။

MNWA သည် နိုင်ဟာလိုန်၊ နိုင်ဗင်တို့က ဦးဆောင်ပြီး ရေးမြို့နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်းမြောက်ပိုင်း ဒေသတို့တွင် လှုပ်ရှားနေကာ နအဖစစ်အစိုးရတို့နှင့် ပစ်ခတ်နေပါသည်။

MNWA က ၄င်းဒေသတွင် လှုပ်ရှားနေသောကြောင့် ဒေသအတွင်းရှိ ကျေးရွာဥက္ကဋ္ဌနှင့် ရွာသားများသည် သူတို့၏ ရိက္ခာတောင်းယူမှု ငွေကြေးတောင်းယူမှုတို့ကို ပေးဆောင်နေရပြီး၊ ရွာသူရွာသားများကလည်း တရားစီရင်ရေးမှာ MNWA အဖွဲ့ကို အားထားနေရခြင်း ဖြစ်ပါသည်။

သို့သော်လည်း နအဖစစ်တပ်တို့အားလည်းကောင်း၊ MNWA အဖွဲ့တို့အားလည်းကောင်း နှစ်ဖက်စလုံးကို ကြောက်နေရပြီး အပေးအယူလုပ်ရနေသည့် ဒေသခံပြည်သူများနှင့် ကျေးရွာဥက္ကဋ္ဌများသည် နှစ်ဖက်သော လက်နက်ကိုင်အဖွဲ့တို့၏ သတ်ဖြတ်ခြင်းကို မကြာခဏ ခံနေရကြောင်း သိရပါသည်။

၄င်းဒေသကို ယခုလတ်တလော အခြေအနေတွင် နအဖစစ်တပ်တို့က အကြီးအကျယ် စစ်ကြောင်းထိုးနေပြီး၊ ရွာအတွင်းနှင့် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်ထားသောလမ်းများတွင် စစ်တပ် အပြည့်အကျပ် ချထားခဲ့ပါသည်

MNWA ကို ရိက္ခာဖြတ်ရန်အတွက် ၄င်းဒေသရှိ ကျေးရွာများမှ ရွာသူရွာသားများကို ခြံမသွားရန် အမိန့်ထုတ်ထားပြီး၊ လယ်ယာကိုလည်း မနက် (၆) နာရီမှ ညနေ (၆) နာရီအထိသာ သွားခွင့်ပြုခဲ့ပြီး၊ ထမင်းဟင်းကိုလည်း တစ်ယောက်သွားလျှင် လူတယောက်စားသည့် ပမာဏသာ ထမင်းဟင်း အစားအသောက်တို့ကို ယူသွားခွင့်ပြုထားခဲ့ပါသည်။

နအဖစစ်တပ်တို့က (၅) လနီးပါး စစ်ကြောင်း အကြီးအကျယ်ထိုးနေမှုကြောင့် ပြည်သူများကို အမြဲပြန်ပေးဆွဲပြီး ငွေတောင်းယူလေ့ရှိသော MNWA အဖွဲ့သည် ပြီးခဲ့သည့်လ ဒုတိယပတ်တွင် ရေးမြို့နယ်အရှေ့ပိုင်း ဝယ်ဗိုင်ကျေးရွာမှ ရွာသား (၁၂) ဦးကိုလည်း ပြန်ပေးဆွဲပြီး ငွေ သိန်း (၃၀) တောင်းယူခဲ့ပါသည်။